
#1 NEW YORK TIMES BESTSELLER

# မိတ်ဆွေ ၄ ဦး
# နှင့်
# ဘဝသင်ခန်းစာများ

ဖြိုးဝေ [မဟာဝိဇ္ဇာ]



The Boy, the mole, the fox and the Horse

Charlie Mackesy



Charlie Mackesy

နှင်းဖုံးနေသော ဆောင်းရာသီ၌ အင်္ဂလန်နိုင်ငံ မြောက်ပိုင်း နော့သန်းဘာလန်တွင် မွေးဖွားသည်။ အောက်စဖို့ဒ်တက္ကသိုလ်ပုံနှိပ်တိုက်အတွက် စာအုပ်သရုပ်ဖော်ရေးဆွဲသူနှင့် The Spector အပတ်စဉ်ထုတ်မဂ္ဂဇင်းအတွက် ကာတွန်းဆရာအဖြစ် လုပ်ကိုင်လျက်ရှိသည်။ Richard Curtis တည်ထောင်သည့် ချို့ငဲ့သူများကို ကူညီသည့် ပရောဂျက်ဖြစ်သည့် Comic Relief အတွက် ပူးပေါင်းလုပ်ကိုင်ပေးနေသလို နယ်စင်မန်ဒဲလား၏ ကျောက်ပုံနှိပ်စာပရောဂျက်ဖြစ်သည့် Unity Series အတွက် ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိသည်။ တောင်အာဖရိက၊ နယူးအော်လင်းစ်တို့တွင် နေထိုင်ပြီး ကာတွန်းများရေးဆွဲသလို ဇမ်ဘီယာတွင် ဝင်ငွေနိမ့်ကျသူများနှင့် ဝင်ငွေမရှိသူများကို ပျားမွေးမြူသူများဖြစ်လာအောင် ကူညီပေးသည့် Mama Buci ဆိုသည့် လူမှုအကျိုးပြုစီးပွားရေးလုပ်ငန်းတစ်ခု ပူးတွဲလုပ်ကိုင်လျက်ရှိသည်။ သူသည် လန်ဒန်တွင် နေထိုင်သော်လည်း မကြာခဏဆိုသလို ဆာ့ဖစ်တွင် နေထိုင်သည်။

သားငယ်စာပေ

စာအုပ်အမှတ်(၅၂)

ဖြန့်ချိရေး

THAR NGE

သားငယ်စာပေ

အမှတ်-၂၃/၄(က)၊ တရုတ်ကျောင်းလမ်း၊

စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၉-၄၄၄၄၇၃၆၄၄၈၊ ၀၉-၄၄၄၄၇၃၆၄၄၂၊ ၀၉-၄၄၇၀၈၅၃၂၆

https://www.facebook.com/tharngebooks/




# မိတ်ဆွေ ၄ ဦး
# နှင့်
# ဂဝသ်ခြင်းစာများ

ဖြိုးဝေ [မဟာဝိဇ္ဇာ]



The Boy, the Mole,
the Fox and the Horse

Charlie Mackesy

ပုံနှိပ်မှတ်တမ်း

စာမျက်နှာ - ၁၃၀
စာအုပ်ဆိုဒ် - အလျား ၁၄.၀ × အနံ ၂၀.၃ စင်တီ
စာအုပ်အမျိုးအစား - ဘာသာပြန်၊ ရုပ်ပြ၊ အတွေးအမြင်
မျက်နှာဖုံးဒီဇိုင်းနှင့် အတွင်းအပြင်အဆင် - ဇာလင်းထက်
သားငယ်အမှတ်တံဆိပ် - ဖြိုးဝေကို
ISBN - 978-99971-46-06-9
စာအုပ်ချုပ် - တင်အေး
ထုတ်ဝေခြင်း - ပထမအကြိမ်၊ ဩဂုတ်လ - ၂၀၂၂
အုပ်ရေ - ၁၀၀၀

ဤစာအုပ်ကို ဦးဖြိုးဝေ၊ သားငယ်စာပေ (၀၂၀၀၆)၊ အမှတ် ၂၃/၄ (က)၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးက ထုတ်ဝေ၍ ငွေပြည့်တော်ပုံနှိပ်တိုက် (၀၀၁၀၂)၊ အမှတ် (၁၄/အေ-၁)၊ နေကြာလမ်း၊ ၂-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ပုံနှိပ်သည်။

တန်ဖိုး - ၃၅၀၀ ကျပ်

သမီး အဲအဲ အတွက်...



ဟဲလို...

မိတ်ဆွေ နိဒါန်းကနေ စဖတ်တယ်နော်။
အထင်ကြီးဖို့ကောင်းတယ်ဗျာ...။
ကျွန်တော်ကတော့ အလယ်ကနေ စဖတ်လေ့ရှိတယ်။
နိဒါန်းတွေကို ဘယ်တော့မှမဖတ်ဘူး။
ကျွန်တော်စာအုပ်တစ်အုပ်ကို ဖန်တီးနိုင်ခဲ့တာ အံ့ဩဖို့တော့ကောင်းတယ်။
အကြောင်းက ကျွန်တော်က စာအုပ်တွေဖတ်ရတာကို မမွေ့လျော်ဘူး။
အမှန်တော့ ကျွန်တော်က ရုပ်ပုံတွေပဲ လိုတယ်။
ရုပ်ပုံတွေဆိုတာ စကားလုံးပင်လယ်ကြီးထဲက နားခိုစရာ ကျွန်းလေးတွေ၊
နေရာလေးတွေနဲ့ အလားသဏ္ဍာန်တူတယ်။



ဒီစာအုပ်ကလည်းတိုင်းအတွက်ပါ။
မိတ်ဆွေအသက်က ရှနှစ် ဒါမှမဟုတ် ၉၀ ပဲဖြစ်ဖြစ် ကိစ္စမရှိဘူး။
တစ်ခါတလေ ကျွန်တော်လည်း နှစ်မျိုးလုံး ခံစားရတယ်။
ဒီစာအုပ်ကို ဘယ်နေရာ၊ ဘယ်အချိန်ပဲဖြစ်ဖြစ်
မိတ်ဆွေမြည်းလို့ရတာမျိုး ဖြစ်စေချင်တယ်။
မိတ်ဆွေ ဆန္ဒရှိရင် အလယ်က စဖတ်လည်းရတယ်။



စာရွက်ပေါ်မှာ ဟိုခြစ်ဒီခြစ်ခြစ်လို့လည်းရတယ်၊
စာရွက်အနားတွေကို ခေါက်လို့လည်းရတယ်၊
ဖွတ်ဖွတ်ညက်ညက်ကြေသွားအောင် ဖတ်လို့လည်းရတယ်။




ဆွဲထားတဲ့ပုံတွေက အဓိကကတော့
ကောင်လေး၊ ပွေးကောင်၊မြွေခွေးနဲ့ မြင်းတို့ပါ။
သူတို့အကြောင်း ကျွန်တော်နည်းနည်းပြောပြမယ်။
နေရာမှာ ကျွန်တော်မမြင်တဲ့အရာတွေကို မိတ်ဆွေမြင်မယ်ဆိုတာ
ကျွန်တော် အသေအချာပြောရဲပါတယ်။
ဒါကြောင့် ကျွန်တော်ခပ်သွက်သွက်ပဲသွားပါမယ်။

ကောင်လေးကတစ်ယောက်တည်း ထီးတည်းဖြစ်နေချိန်မှာ
ပထမဦးဆုံးပွေးကောင်ပေါ်လာပါတယ်။
သူတို့နှစ်ဦးအတူ တောထဲကိုငေးကြည့်ရင်း အချိန်ကုန်ခံကြပါတယ်။
တောဆိုတာ ကျွန်တော်တို့ဘဝနဲ့ အတော်တူတယ်လို့ ကျွန်တော်ထင်တယ်။
တစ်ခါတလေ ထိတ်လန့်စရာကောင်းပေမဲ့ လှပပါတယ်။



သူတို့နှစ်ဦး ခြေဦးတည့်ရာသွားနေတုန်း မြွေခွေးနဲ့ဆုံမိပါတယ်။
တကယ်လို့ မိတ်ဆွေက ပွေးကောင်သာဖြစ်ခဲ့ရင်တော့
မြွေခွေးတစ်ကောင်နဲ့ဆုံမိတာဟာ ဘယ်တော့မှလွယ်မှာတော့မဟုတ်ဘူး။

ကောင်လေးမှာ အမေးပုစ္ဆာတွေအပြည့်ရှိတယ်။
ပွေးကောင်က ကိတ်မုန့်စားချင်စိတ် ပြင်းပြနေပါတယ်။
မြွေခွေးကတော့ များသောအားဖြင့် ငြိမ်ပြီး သတိအနေအထား
ရှိနေပါတယ်။ အကြောင်းကတော့ သူကအသက်အန္တရာယ်ဘေးနဲ့
ကြုံထားပါတယ်။





မြင်းကတော့ သူတို့တွေ့ဖူးသမျှထဲမှာ အကြီးဆုံးမြင်းဖြစ်သလို
နူးညံ့အသိမ်မွေ့ဆုံးလည်းဖြစ်တယ်။

ကျွန်တော်တို့လိုပဲ သူတို့အားလုံးဟာ ကွဲပြားခြားနားကြသလို
တစ်ဦးချင်းမှာ သူတို့ကိုယ်ပိုင်အားနည်းချက်တွေရှိကြတယ်။
သူတို့လေးဦးလုံးမှာ ကျွန်တော့်ကိုယ်ကျွန်တော် မြင်နေရသလို
မိတ်ဆွေလည်း မြင်ကောင်းမြင်နိုင်ပါတယ်။



သူတို့ရဲ့စွန့်စားခန်းကတော့ နွေဦးကာလမှာ ဖြစ်ပေါ်လာပါတယ်။
အဲဒီအချိန်မှာ နှင်းခဏကျလိုက်ပြီး နောက်ပိုင်း နေရောင်တောက်ပလာပါတယ်။
အဲဒါက ဘဝနဲ့အတော်အတန်တူပါတယ်။
အလှည့်အပြောင်းအရှိန်မြန်ပါတယ်။

ဒီစာအုပ်က မိတ်ဆွေကို ကိုယ့်ကိုယ်ကိုယ်ရော အခြားသူအပေါ်ပါ
ပိုပြီးသနားကြင်နာပြီး သတိရှိရှိနဲ့ ရှင်သန်နေထိုင်တတ်သွားအောင်၊
ပြီးတော့ အမြဲတမ်း ရဲဝံ့တဲ့လုပ်ရပ်ဖြစ်တဲ့ ကိုယ်လိုအပ်ချိန်တိုင်းမှာ
အကူအညီတောင်းတတ်အောင် တွန်းအားပေးမယ်လို့
ကျွန်တော်မျှော်လင့်ပါတယ်။

ဒီကမ္ဘာပေါ်ကဘယ်သူ့ကို ကျွန်တော်အဲဒီလိုလုပ်ပေးနိုင်မလဲလို့
ဒီစာအုပ်ကိုဖန်တီးတုန်းက ကျွန်တော်မကြာခဏတွေးမိတယ်။
ဒါပေမဲ့ မြင်းပြောသလိုပဲ
"အမှန်တကယ်တော့ လူတိုင်းက ပျံနိုင်တယ်" ဆိုတာပါပဲ။



ဒါကြောင့် ကျွန်တော်ပြောချင်ပါတယ်။ မိတ်ဆွေရဲ့အတောင်တွေကို
ဖြန့်လိုက်ပြီး မိတ်ဆွေရဲ့အိပ်မက်တွေနောက်ကိုလိုက်ပါ။
ဒီစာအုပ်က ကျွန်တော့်အိပ်မက်တွေထဲကတစ်ခုပါပဲ။
ဒီစာအုပ်ကို မိတ်ဆွေအရသာတွေ့မယ်လို့ကျွန်တော်မျှော်လင့်သလို
မိတ်ဆွေကိုလည်း အများကြီးလေးစားခင်မင်ပါတယ်။

ကျေးဇူးတင်ပါတယ်...

ချာလီ

" ဟဲလို "





"ငါက ဈေးလွန်းတယ်"
ပွေးကောင်က ပြောတယ်။



"ဟုတ်တယ်၊ ဒါပေမဲ့
ထူးခြားပြောင်းလဲမှု
ကြီးကြီးမားမားကို
မင်းလုပ်နိုင်တယ်"
ကောင်လေးကပြောတယ်



“မင်းကြီးလာရင်ဘာဖြစ်ချင်လဲ”



“ကြင်နာတတ်သူ ဖြစ်ချင်တယ်”
ကောင်လေးက ပြောတယ်





"ထူးခြားတဲ့အချက်ကတော့
ကြင်နာတဲ့ အပြုအမူသေးသေးလေးတွေကတောင်
အသက်ကို ကယ်တင်နိုင်တာပဲ"
ပွေးကောင်က ပြောတယ်

“အောင်မြင်တယ်ဆိုတာ ဘာကိုခေါ်တာလို့မင်းထင်လဲ”
ကောင်လေးက မေးတယ်



“ချစ်ခင်နေတာကိုခေါ်တာ”
ပွေးကောင်က ဖြေတယ်

"ဟာ ... ဟဲလို"



“မင်းမှာ အကြိုက်ဆုံး အဆိုအမိန့်တစ်ခုရှိလား”
ကောင်လေးကမေးတယ်

“ရှိတယ်” ပွေးကောင်က ဖြေတယ်

“အဲ့ဒါဘာလဲ...”

“တကယ်လို့ အစပထမမှာ မင်းမအောင်မြင်ရင်
ကိတ်မုန့်နည်းနည်းစားပါဆိုတာ”

“အင်း ငါသိတယ်”


“အဲ့ဒါ အလုပ်ဖြစ်လား...”

“ဘယ်အချိန်ဖြစ်ဖြစ် အလုပ်ဖြစ်တယ်”





“ နည်းနည်းမြည်းရုံပါပဲ ”





"ငါ့မင်းကို အရသာရှိတဲ့ ကိတ်မုန့်တစ်လုံး ပေးမယ်"
ပွေးကောင်ကပြောတယ်

"တကယ်လား..."

"တကယ်ပေါ့"

"ကိတ်မုန့်က ဘယ်မှာလဲ"

"ငါစားခဲ့တယ်" ပွေးကောင်ကဖြေတယ်

"အော်"

"ဒါပေမဲ့ ငါမင်းကို နောက်တစ်လုံးကျွေးမယ်"

"တကယ်လား...ဘယ်မှာလဲ...."

"အလားတူကိတ်မုန့်တစ်လုံးပေါ်လာလိမ့်မယ်"



"ကိတ်မုန့်လိုပဲ ခင်မင်ရင်းနှီးမှုဆိုတာ
အချိုမြိန်ဆုံးအရာတွေထဲက တစ်ခုပဲ"
ပွေးကောင်က ပြောတယ်



" အကြီးမားဆုံးအချိန်ဖြုန်းမှုက
ဘာလို့မင်းထင်လဲ.. "




" မင်းကိုယ်မင်း အခြားသူနဲ့ယှဉ်တာက
အကြီးမားဆုံး အချိန်ဖြုန်းမှုပဲ "
ပွေးကောင်က ပြောတယ်

“နောက်ထပ်အချိန်ဖြုန်းမှုတစ်မျိုးက
ဘာဖြစ်မလဲ”



“အခြားသူတွေ မင်းကိုဘယ်လိုတွေးထင်မလဲ
စိုးရိမ်ပူပန်နေတာ”

“ ခေါင်းထဲ သိထားမှတ်ထားတာတွေကို
ထုတ်ပစ်ပေးတဲ့ကျောင်းမျိုး ရှိလား
ငါသိချင်တယ် ”





"ငါသိတဲ့ ပွေးကောင်အိုကြီးတွေအများစုက
သူတို့ရဲ့အကြောက်တရားတွေကိုနားထောင်လိုတဲ့
ဆန္ဒနည်းပြီး သူတို့ရဲ့အိပ်မက်တွေကိုပဲ
ပိုပြီးနားထောင်ချင်ကြတယ်"



"ဟိုးမှာ မြင်နေရတာ ဘာလဲ..."



"အဲဒါ တောရိုင်းမြေလေ" ပွေးကောင်က ပြောတယ်
"မကြောက်ပါနဲ့"



“ငါတို့ကြောက်ရွံ့မှုနည်းရင်
ငါတို့ဘာဖြစ်မလဲ တွေးကြည့်ပါ”



"ငါမကြောက်ပါဘူး"
ပွေးကောင်က ပြောတယ်





"ဒီကျော့ကွင်းထဲမှာသာ ငါမမိခဲ့ရင် မင်းကိုငါ သတ်ပြီးပြီ"
မြွေခွေးက ပြောတယ်

"ဒီကျော့ကွင်းထဲမှာ မင်းဆက်နေရင် မင်းသေမှာပဲ"
ပွေးကောင်က ပြောတယ်



အဲဒီနောက် ပွေးကောင်က သူ့ရဲ့သွားသေးသေးလေးတွေနဲ့
သံဆူးကြိုးကို ကိုက်တယ်




" ငါတို့ရဲ့အကြီးမားဆုံးလွတ်လပ်ခွင့်တွေထဲက
တစ်ခုကတော့ ဖြစ်ရပ်တွေကို
ဘယ်လိုတုံ့ပြန်မလဲဆိုတာ ငါတို့ရွေးချယ်ခွင့်ရှိတာပဲ "





JG





"ပစ္စုပ္ပန်မှာဘယ်လိုနေရမလဲဆိုတာ
ငါလေ့လာသင်ယူခဲ့တယ်"

"ဘယ်လိုနေတာလဲ..." ကောင်လေးက မေးလိုက်တယ်

"ဆိတ်ငြိမ်တဲ့နေရာတစ်ခုရှာတယ်။
ပြီးတော့ ငါ့မျက်လုံးတွေကိုမှိတ်လိုက်ပြီး အသက်ရှူတယ်"



"ကောင်းတာပေါ့...ပြီးတော့ဘာလုပ်လဲ..."

"ပြီးတော့ ငါအာရုံစိုက်တယ်"

"မင်း ဘာကိုအာရုံစိုက်တာလဲ..."

"ကိတ်မုန့်" ပွေးကောင်က ပြောတယ်။

"ဒီဟာက မထူးဆန်းဘူးလား...
ငါတို့က ငါတို့ရဲ့အပြင်ဘက်တွေကိုသာမြင်နိုင်တယ်၊
ဒါပေမဲ့ အားလုံးလိုလိုက အတွင်းဘက်မှာဖြစ်နေတာ"





“သတိထား ပြုတ်မကျ...ကျ...”





“ကျ...”









“မကြာခဏဆိုသလို မိတ်ဆွေမဖြစ်နိုင်ဘူးလို့
ထင်ရပြီး ဖြစ်လာတဲ့ မိတ်ဆွေက အကောင်းဆုံးပဲ”



"အရမ်းလှလွန်းလို့
ငါတို့ထိန်းသိမ်းစောင့်ရှောက်ဖို့လိုတယ်"





"မင်းကိုယ်မင်း သနားကြင်နာတာဟာ
အကြီးမားဆုံး သနားကြင်နာမှုတွေက တစ်ခုပဲ"
ပွေးကောင်က ပြောတယ်





“ ငါတို့က သနားကြင်နာမှုကို
မျှော်လင့်စောင့်စားလေ့ရှိကြတယ်၊
ဒါပေမဲ့ မင်းကိုယ်မင်းသနားကြင်နာဖို့က
အခုစလို့ရတယ်”



“မကြာခဏ ခွင့်လွှတ်ဖို့ အခက်ခဲဆုံးပုဂ္ဂိုလ်က
မင်းကိုယ်တိုင်ပဲ”





"ငါလမ်းပျောက်သလို မကြာခဏခံစားရတယ်"
ကောင်လေးကပြောတယ်



"ငါရောပဲ" ပွေးကောင်ကပြောတယ်
"ဒါပေမဲ့ ငါတို့မင်းကိုချစ်ခင်တယ်၊
ချစ်ခင်မှုက မင်းကို အိမ်ပြန်ပို့ပေးလိမ့်မယ်"






" လူတိုင်းက အိမ်ပြန်ရောက်ဖို့ပဲ
ကြိုးစားနေတာလို့ ငါထင်တယ် "
ပွေးကောင်က ပြောတယ်




"ဟဲလို"




"ဟဲလို"



"မိတ်ဆွေတွေနဲ့ ဘာမှမလုပ်တာဟာ ဘယ်တော့မှ
ဘာမှမလုပ်တာနဲ့အတူတူပဲ...ဟုတ်တယ်မလား..."
ကောင်လေးကမေးတယ်



"မဟုတ်ဘူး" ပွေးကောင်က ပြောတယ်









"မင်းပြုတ်ကျခဲ့တယ်၊
ဒါပေမဲ့ ငါမင်းကိုပြန်တွေ့ပြီ"

"လူတိုင်းက နည်းနည်းတော့ ထိတ်လန့်ကြတာပဲ"
မြင်းကပြောတယ်



"ဒါပေမဲ့ ငါတို့အတူတူဆို ထိတ်လန့်မှုနည်းမယ်"

"မျက်ရည်တွေကျတယ်ဆိုတာ
အကြောင်းရင်းရှိတယ်။
မျက်ရည်တွေက
မင်းရဲ့အားနည်းချက်မဟုတ်ဘူး၊
မင်းရဲ့ခွန်အားပဲ"




“ မင်းပြောဖူးသမျှထဲမှာ အရဲရင့်ဆုံးအရာကဘာလဲ ”
ကောင်လေးကမေးတယ်



“ အကူအညီတောင်းတာ ” မြင်းကပြောတယ်

“ မင်းအသန်မာဆုံးက ဘယ်အချိန်ဖြစ်မလဲ…”
ကောင်လေးကမေးတယ်

“ ငါ့ရဲ့အားနည်းချက်ကိုပြရဲတဲ့အချိန်ပေါ့ ”



“ အကူအညီကောင်းတယ်ဆိုတာ
လက်မြောက်အရှုံးပေးတာမဟုတ်ဘူး ”
မြင်းကပြောတယ်




“ လက်မြောက်အရှုံးပေးဖို့ကို ငြင်းပယ်တာပါ ”


"တစ်ခါတလေ ငါကသာမန်လူတစ်ယောက်ပဲလို့
မင်းတို့အားလုံးက ထင်သွားမှာစိုးရိမ်တယ်"
ကောင်လေးကပြောတယ်။



"ချစ်ခင်ဖို့အတွက်
မင်းကထူးခြားတဲ့သူဖြစ်ဖို့မလိုပါဘူး"
ပွေးကောင်ကပြောတယ်



"ငါတို့အားလုံးမှာ ရှေ့ဆက်သွားဖို့
အကြောင်းရင်းတစ်ခုရှိဖို့ လိုအပ်တယ်" မြင်းကပြောတယ်
"မင်းရဲ့အကြောင်းရင်းကဘာလဲ"



"မင်းတို့သုံးဦးက ငါ့အကြောင်းရင်းပဲ"
မြေခွေးကပြောတယ်



"အိမ်ပြန်ရောက်ဖို့က ငါ့အကြောင်းရင်းပဲ"
ကောင်လေးကပြောတယ်။



“ ကိတ်မုန့်က ငါ့အကြောင်းရင်းပဲ ”
ပွေးကောင်က ပြောတယ်

“ ကိတ်မုန့်ထက်ပိုကောင်းတဲ့ အရာတစ်ခု
ငါရှာဖွေတွေ့ရှိထားတယ်”

“ မဖြစ်နိုင်ဘူး၊ မင်းတွေ့မှာမဟုတ်ဘူး”
ကောင်လေးကပြောတယ်

“ ငါတွေ့ထားတယ်” မြွေးကောင်က ပြန်ဖြေတယ်

“ ဘာတွေ့ထားလဲ...”

“ ကြီးကြီးတစ်ခု၊
အဲ့ဒါက ပိုလည်းကြာကြာခံတယ်”






Gg








"သနားကြင်နာမှုကိုနှိုင်တဲ့အရာဘာမှမရှိဘူး"
မြင်းကပြောတယ်
"သူက အရာအားလုံးရဲ့အလွန်မှာ
ငြိမ်ငြိမ်လေးထိုင်နေတယ်"




"တစ်ခါတလေ..." မြင်းကပြောတယ်

"ဘာ တစ်ခါတလေလဲ..." ကောင်လေးက မေးတယ်

"တစ်ခါတလေ ထရပ်ပြီး လုပ်စရာရှိတာကို
ဆက်လုပ်တာက ရဲဝံ့ပြီး
အထင်ကြီးစရာကောင်းတယ်"



"ဘဲနှစ်ကောင်ကြည့်ရတာ တည်ငြိမ်ပြီး ပြောစရာ
မရှိလောက်အောင် ခြောက်ပြစ်ကင်းပြည့်စုံတယ်နော်..."
ကောင်လေးကမေးတယ်



"အဲဒီလိုဖြစ်ဖို့ ရေအောက်မှာ
ခြေထောက်ကို အသည်းအသန်ယက်နေရတာလေ"
မြင်းကပြောတယ်

"အကြီးမားဆုံး အထင်မှားမှုကတော့..."
ပွေးကောင်ကပြောတယ်



"ဘဝဆိုတာ ပြောစရာမရှိလောက်အောင်
ခြောက်ပစ်ကင်းပြည့်စုံသင့်တယ်လို့ထင်တာပဲ"

* ပုံပေါ်ကို ကျွန်တော့်ခွေးဖြတ်လျှောက်သွားပါတယ်။
ပြောတဲ့အချက်ကို လေးနက်သွားအောင် ကြိုးစားတယ်ဆိုတာ ထင်ရှားပါတယ်။

"အဲဒါ လ လား" ကောင်လေးက မေးတယ်




"အဲဒါက လက်ဖက်ရည်ခွက်ရဲ့
အစွန်းအထင်း"
ပွေးကောင်က ပြောတယ်
"ပြီးတော့ လက်ဖက်ရည်ခွက်ရှိတဲ့
နေရာမှာ ကိတ်မုန့်ရှိမှာပဲ"



စူးစမ်းပါ

“ဘဝက ခက်ခဲတယ်၊
ဒါပေမဲ့ မင်းကိုချစ်ခင်တဲ့သူရှိတာတော့
ငါသေချာပြောရဲတယ်”





"ဒါဆို မင်းငါ့အကြောင်း အကုန်သိတာပေါ့ ..."

ကောင်လေးကမေးတယ်

"ဟုတ်တယ်" မြင်းကပြောတယ်

"မင်းငါ့ကို ချစ်ခင်နေတုန်းပဲလား..."

"ငါတို့မင်းကို ပိုချစ်ခင်တယ်"



“တစ်ခါတလေ ငါလုပ်နိုင်တာထက်ပိုပြီး
မင်းငါ့ကိုယုံကြည်တယ်လို့ ငါထင်တယ်”
ကောင်လေးကပြောတယ်



“မင်း နားလည်လာပါလိမ့်မယ်”
မြင်းကပြောတယ်

"မြွေကြီးက တကယ့်ကိုဘယ်တော့မှ
စကားမပြောဘူးနော်"
ကောင်လေးက တိုးတိုးလေးပြောတယ်




"မဟုတ်ပါဘူး၊ သူငါတို့နဲ့အတူရှိနေတာ
ချစ်ဖို့ကောင်းပါတယ်"
မြင်းကပြောတယ်



“အရိုးသားဆုံးပြောရရင် ငါ့မှာ စိတ်ဝင်တစား
ပြောစရာဘာမှမရှိဘူးလို့ မကြာခဏခံစားရတယ်”
မြွေးကပြောတယ်

“ရိုးသားနေတာကိုက
အမြဲစိတ်ဝင်စားဖို့ကောင်းပါတယ်”
မြင်းကပြောတယ်



“ ငါမင်းကိုမပြောရသေးတာတစ်ခုရှိတယ်”
မြင်းကပြောတယ်

“ဘာများလဲ…” ကောင်လေးကပြောတယ်

“ ငါကပျံနိုင်တယ်၊ ဒါပေမဲ့ ငါပျံနိုင်တာက အခြား မြင်းတွေကို
မနာလိုဖြစ်စေတဲ့အတွက် ငါမပျံဘဲနေတယ်”



"မင်းပျံနိုင်သည်ဖြစ်စေ မပျံနိုင်သည်ဖြစ်စေ"



"ငါတို့မင်းကို ချစ်ခင်ပါတယ်"













“ မင်းဖနို့ခွက်က ရေတစ်ဝက်မရှိတာလား...
ရေတစ်ဝက်ပြည့်နေတာလား ...”
ပွေးကောင်ကမေးတယ်

“ ငါထင်တာတော့ ငါ့မှာဖနို့ခွက်ရှိနေတာကိုပဲ
ငါကျေးဇူးတင်တယ်”
ကောင်လေးက ပြောတယ်





"မနက်ဖြန်နဲ့ပတ်သက်လို့ ငါတို့မသိဘူး"
မြင်းကပြောတယ်

"ငါတို့အကုန်သိဖို့လိုတာကတော့
ငါတို့အချင်းချင်းချစ်ခင်တယ်ဆိုတာပဲ"

“တိမ်တွေက မည်းသထက် မည်းလာပြီ”
ကောင်လေးက ပြောတယ်



“ဟုတ်တယ်” မြင်းက ပြောတယ်
“ဒါပေမဲ့ သူတို့ ရွေ့နေတာ မင်းတွေ့လား၊
သိပ်မကြာခင် သူတို့ ထွက်ခွာသွားလိမ့်မယ်”

"မိုးမှောင်ကျလာတဲ့အခါ....



ရှေ့ဆက်သွားပါ"



" ကြီးမားတဲ့အခြေအနေတွေကို
ထိန်းချုပ်လို့မရတော့ဘူးလို့ခံစားရရင်...."



" မင်းရှေ့တည့်တည့်က မင်းသတိမထားမိတဲ့
မင်းချစ်ခင်တဲ့အရာကို အာရုံစိုက်ပါ"

“ မုန်တိုင်းက ပြင်းသထက် ပြင်းလာပြီ”
ကောင်လေးက ညည်းတယ်




“ဒီလိုဆိုရင် မင်းလှမ်းတဲ့ ခြေလှမ်းတိုင်းက
ပိုကြီးမားတဲ့ အောင်မြင်မှု ဖြစ်လာပြီ”



“ဒီမုန်တိုင်းက ပြီးသွားပါလိမ့်မယ်”

"မုန်တိုင်းက အမှန်အကန်ပဲ၊
ငါတို့ရဲ့ ကြောက်ရွံ့မှုကလည်း အမှန်အကန်ပဲ"
မြင်းက ပြောတယ်




"ဒါပေမဲ့ ငါတို့ရဲ့ ချစ်ခင်မှုကလည်း အမှန်အကန်ပဲ၊
အဆုံးတစ်နေ့မှာ ချစ်ခြင်းမေတ္တာကပဲ
အောင်ပွဲခံလိမ့်မယ်"



“ဒီမုန်တိုင်းက ငါ့ကို ပင်ပန်းအောင်လုပ်တယ်”
ကောင်လေးက ပြောတယ်

“ မုန်တိုင်းကိုယ်တိုင်လည်း ပင်ပန်းနေပါပြီကွ၊
အဲဒီတော့ တောင့်ထား”
မြင်းက ပြောတယ်

"ငါတို့ ရေထဲ တော်တော်နစ်နေပြီ"
ကောင်လေးက ပြောတယ်



"အသက်ပဲ ရှူပါ" မြင်းက ပြောတယ်
"ပြီးတော့ တောင့်ထား"



“ငါတို့ ပင်ပန်းနေပြီ ၊
ဒါပေမဲ့ ရောင်နီလည်းလာနေပြီ၊
အဲဒီတော့ တောင့်ထား ”



မုန္တိုင်းတိုက်ပြီးနောက်....

“ မှုန်တိုင်းတွေနဲ့ပတ်သက်ပြီး
မင်းရခဲ့တဲ့ အကောင်းဆုံးသင်ခန်းစာက ဘာလဲ ”




“ သူတို့အားလုံး ပြီးသွားတယ် ဆိုတာပဲ”
မြင်းက ပြောတယ်


"ငါတို့ဆက်သွားရမယ့်လမ်းခရီးက
အရှည်ကြီး ကျန်သေးတယ်"
ကောင်လေးက ညည်းတယ်



“ ဟုတ်တယ်... ဒါပေမဲ့ ငါတို့ခရီးဘယ်လောက်
ဝေးဝေးရောက်ခဲ့ပြီဆိုတာ ကြည့်လေ...”
မြင်းကပြောတယ်



“ တစ်နေ့ မင်းပြန်ကြည့်တဲ့အခါ
ဒီကာလက ဘယ်လောက်ခက်ခဲပင်ပန်းတယ်၊
မင်းဘယ်လောက်သတ္တိရှိပြီး
ဘယ်လောက်ကောင်းကောင်းလုပ်နိုင်ခဲ့တယ် ဆိုတာ
မင်းမြင်လာလိမ့်မယ်”



"တစ်ခါတလေ မင်းတို့အားလုံးကို ငါချစ်တယ်ဆိုတာ
ပြောချင်တယ်" ပွေးကောင်က ပြောတယ်

"ဒါပေမဲ့ ငါအဲဒါကိုပြောဖို့ခဲယဉ်းနေတာတွေ့ရတယ်"

"တကယ်လား…" ကောင်လေးက ပြောတယ်

"ဟုတ်တယ်၊ ဒါကြောင့် ငါတို့အတူတူရှိနေတာ
ဝမ်းသာတယ်ဆိုတာမျိုး တစ်ခုခုပဲ ငါပြောတယ်"

"ကောင်းပြီ" ကောင်လေးက ပြောတယ်



"ငါတို့အားလုံး ဒီမှာရှိတာ ငါဝမ်းသာတယ်"

"ငါတို့အားလုံးလည်း မင်းဒီမှာရှိနေတာကို ဝမ်းသာတယ်"

"မင်းရဲ့အကောင်းဆုံးရှာဖွေတွေ့ရှိမှုကဘာလဲ..."
ပွေးကောင်က မေးတယ်



"ငါရှာဖွေတွေ့ရှိခဲ့တာကတော့
ငါ့အရှိတရားအတိုင်း ငါလက်ခံတယ်ဆိုတာပဲ"
ကောင်လေးကပြောတယ်



"ငါတို့ ဒီမှာဘာကြောင့်ရှိနေရသလဲဆိုတာ ငါသဘောပေါက်ပြီ"
ကောင်လေးက တိုးတိုးပြောတယ်

" ကိတ်မုန့်အတွက်လား" ပွေးကောင်ကမေးတယ်



"ချစ်ခင်ဖို့အတွက်" ကောင်လေးကပြောတယ်

" ပြီးတော့ အချစ်ခံဖို့" မြင်းကပြောတယ်



“ငါတို့စိတ်နှလုံးထိခိုက်တဲ့အခါဘာလုပ်ကြလဲ...”
ကောင်လေးကမေးတယ်



“အဲဒီဒဏ်ရာအနာတရတွေကို
ငါတို့ခင်မင်ရင်းနှီးမှုနဲ့လွှမ်းခြုံပစ်လိုက်မယ်၊
သူတို့မျှော်လင့်ချက်နဲ့နိုးထပြီး
တစ်ဖန်ပြန်ပျော်ရွှင်လာတဲ့အထိ အတူတူငိုမယ်၊
အချိန်ပေးမယ်”


"အခြား အကြံဉာဏ်တစ်ခုခု မင်းမှာရှိလား..."
ကောင်လေးကမေးတယ်



"မင်းဘယ်လိုဆက်ဆံခံရတယ်ဆိုတာ အပေါ်မူတည်ပြီး
မင်းဘယ်လောက် တန်ဖိုးရှိတယ်ဆိုတာ အကဲမဖြတ်ပါနဲ့"
မြင်းကပြောတယ်

"မင်းကအရေးကြီးတယ်၊
မင်းကချစ်ခင်ဖို့ကောင်းတယ်၊
အခြားဘယ်သူမှမလုပ်နိုင်တဲ့အရာတွေကို
ကမ္ဘာကြီးဆီမင်းယူဆောင်လာတယ်ဆိုတာ
အမြဲမှတ်ထားပါ"







“ အိမ်ဆိုတာ အမြဲနေရာတစ်ခုကို ပြောတာမဟုတ်ဘူး
ဟုတ်တယ်မဟုတ်လား... ”

"ကျေးဇူးတင်ပါတယ်"





# ပြီးပါပြီ

ငါတို့ဘယ်လောက်လာခဲ့ပြီးပြီလဲ
ပြန်ကြည့်ပါ

“တစ်ခါတလေ
မင်းကြားသမျှအားလုံးဟာ
အမုန်းတရားချည်းပဲ၊
ဒါပေမဲ့ ဒီကမ္ဘာကြီးမှာ
မင်းတွေးထင်နိုင်တာထက်ကို
ချစ်ခြင်းမေတ္တာတရားတွေက
ပိုများပါတယ်”










Lively and in strict time
Munter und straff. (♩ = 126)
a song of love
and cake
you're loved

## ဘာသာပြန်သူစကား

ဘာသာပြန်သူရဲ့အမြင်က ရှေ့ဆုံးမှာထည့်တတ်ပေမဲ့
ဒီစာအုပ်ကျမှနောက်မှာထည့်ထားတော့ များထည့်တာလားလို့
ထင်ကောင်းထင်နိုင်ပါတယ်။

တကယ်က စာအုပ်ကိုအရင်ဖတ်စေချင်လို့ နောက်ဆုံးမှာ
တမင်ထည့်ထားတာပါ။ ထည့်ထားတာကလည်း ထုံးစံအတိုင်း
ဒီစာအုပ်ကိုဘာသာပြန်ဖြစ်ပုံ၊ဒီစာအုပ်နဲ့ပတ်သက်ပြီး
ဘာသာပြန်သူရဲ့အမြင်ခံစားချက်နဲ့ ကျေးဇူးတင်စကားလေး ပြောချင်လို့ပါ။
ဘာသာပြန်သူအနေနဲ့ ကိုဗစ်လှိုင်းတစ်ခုတိုင်းမှာ
ဘာသာပြန်တစ်အုပ်ရေးဖြစ်တယ်လို့ပြောရမှာပါ။

ကိုဗစ်ပထမလှိုင်းစတုန်းက Stay Home နေရင်း
"သင့်ဘဝအတွက်အသက်ရှူခြင်းပညာ" စာအုပ်ကို
ဘာသာပြန်ဖြစ်ပါတယ်။
ဒုတိယလှိုင်းကျတော့လည်း "သင်လျှောက်ရမယ့်လမ်း" စာအုပ်ကို
ဘာသာပြန်ဖြစ်ပါတယ်။
တတိယလှိုင်းမှာတော့ လုပ်ငန်းတွေလည်းနားထားပြီး
Stay Home နေတုန်း မိသားစုမှာပါ ကိုဗစ်ဖြစ်ပါတယ်။

သမီးလေးမွေးခါနီး ကိုယ်ဝန်လစေ့ကြီးနဲ့
အမျိုးသမီးမှာ ကိုဗစ်ဖြစ်ပါတယ်။
သမီးအတွက်ရော အမျိုးသမီးအတွက်ပါ စိုးရိမ်စိတ်ကြောင့်
စိတ်ပန်းလူပန်းတော်တော်ဖြစ်ခဲ့ရပါတယ်။

အဲဒီအချိန်မှာ
အနောက်တိုင်းက ကမ္မဋ္ဌာန်းဆရာတစ်ဆူလို့ ပြောကြတဲ့
Jon Kabat-Zinn ကသူ့ရဲ့ page မှာ
ဒီစာအုပ်ထဲပါတဲ့ စာမျက်နှာတစ်ခုအကြောင်း ပို့စ်တစ်ခု တင်ပါတယ်။
အဲဒီပို့စ်ကိုဖတ်ပြီး ခေါင်းထဲလင်းကနဲ ဖြစ်သွားပါတယ်။
ဒါနဲ့အဲဒီစာအုပ်ကို ebook ရှာဖတ်ကြည့်တော့
ရုပ်ပြဝတ္ထုဖြစ်နေပြီး ဖတ်ကြည့်တာ ပေါ့ပေါ့ပါးပါးနဲ့
စိတ်ပန်းလူပန်းဖြစ်နေတာတွေ လွင့်ပျောက်သွားပါတယ်။

ဖတ်ပြီးတာနဲ့ အကြိုက်တွေ့တော့ထုံးစံအတိုင်း
ကိုယ့်လိုလူတွေကိုဖတ်စေချင်တာနဲ့ ဘာသာပြန်ဖြစ်ပါတယ်။
ပြီးတော့သမီးကြီးလာရင်ဖတ်ရအောင်သိမ်းထားချင်တာနဲ့
မူရင်းပုံနှိပ်စာအုပ်ကိုပါ ပြည်ပကနိုင်ငံခြားစာအုပ်တွေမှာပေးနေကျ
ကိုကောင်းမြတ်စံ (Hobby Business) ဆီမှာလိုက်ပါတယ်။

ဘာသာပြန်တဲ့အခါမှာတော့ မူရင်းစာအုပ်ပါအတိုင်းအပြင်
သူ့ page မှာဒီဇာတ်ကောင်၄ဦးနဲ့တစ်ဆွဲတဲ့
အကြောင်းအရာအချို့ကကောင်းတဲ့အတွက် ဝတ္ထုနဲ့
သင့်လျော်တဲ့နေရာအချို့မှာ ထပ်ပေါင်းပြီးပြန်ဆိုထားပါတယ်။
ဒီစာအုပ်က ရုပ်ပြဝတ္ထုဆိုပေမဲ့ ကလေးတွေတင်မကဘဲ
အသက်အရွယ်မရွေး လူကြီးတွေပါ ဖတ်လို့ရပါတယ်။
မူရင်းစာရေးသူကိုယ်တိုင်က စာဖတ်သူဟာ
အသက် ၅ နှစ်ပဲဖြစ်ဖြစ် အသက် ၈၀ ပဲဖြစ်ဖြစ် ဖတ်လို့ရတယ်လို့
ဆိုထားသလို နိုင်ငံတကာမှာလည်း လူကြီးတွေအဖတ်များတဲ့
အုပ်ရေသန်းချီရောင်းခဲ့ရတဲ့ Best Seller စာအုပ်ဖြစ်သလို
စာပေဆုလည်းရထားပါတယ်။

စာအုပ်က ဇာတ်လမ်းအကြောင်းအရာဖတ်ရှုသက်သက်ဆို
စာမပါဘဲ ရုပ်ပုံချည်းပဲကြည့်တောင် နားလည်အောင် ဖန်တီးထားပါတယ်။
စာကတော့ ဇာတ်ကောင်တွေ အပြန်အလှန်ပြောစကားထက်
ဘဝအသနအမြင်တွေ ပါတဲ့အတွက် ဘာသာပြန်သူအတွက်တော့
ခက်ခဲပင်ပန်းတဲ့ အခုလိုကာလမျိုးမှာ တစ်ကြောင်းဖတ်ပြီးတွေးရင်း
ကြုံတွေ့နေရတဲ့အခြေအနေတွေကို ရှုမြင်ပုံ၊ခံစားပုံပါ
လုံးဝပြောင်းသွားပြီးစိတ်ပန်းလူပန်းဖြစ်နေတာတွေ
သက်သာရာရတဲ့အထိ ဖြစ်ခဲ့ပါတယ်။

ရုပ်ပြဆိုတာထက် အခုလိုစာအများကြီးဖတ်ဖို့
အချိန်မပေးချင်ကြတဲ့ခေတ်မှာ ပုံများများ စာနည်းနည်း
ပေါ့ပေါ့ပါးပါးနဲ့တင်ပြပုံကောင်းသလို
အထူးသဖြင့် စိတ်ဓာတ်ခွန်အားနဲ့ ဖေးဆော်မှုတွေ ပေးတဲ့
ဘဝဒဿနစာအုပ်လို့ မြင်မိပါတယ်။ အခက်အခဲအကျပ်အတည်း
ပြဿနာတွေနဲ့ ဘဝရဲ့လောကဓံ မုန်တိုင်းတွေကြုံရတဲ့အခါ
စိတ်ခွန်အားနဲ့ ဖေးဆော်မှုတွေပေးနိုင်တဲ့စာအုပ်ဖြစ်ပါတယ်။

အချို့စာကြောင်းတွေဆိုသဘောကျလွန်းလို့ စာမျက်နှာကို
ဓာတ်ပုံထုတ်ဘောင်သွင်းချိတ်ထားဖို့အထိ ရည်ရွယ်ထားပါတယ်။
ဒါကြောင့် ဒီစာအုပ်ကို ကိုယ့်လိုလူတွေအတွက်
လေးလံပင်ပန်းနေတဲ့စိတ်တွေ သက်သာလိုသက်သာငြားဖတ်ဖို့
ရည်ရွယ်သလို သမီးလေးကို ဖတ်ပြဖို့နဲ့ သူစာဖတ်တတ်တဲ့အခါ
သူကိုယ်တိုင်ဖတ်ပြီး အဲဒီကတစ်ဆင့် သူတွေးတတ်တဲ့အခါ
ထပ်ဖတ်နိုင်ဖို့ ရည်ရွယ်ပါတယ်။

ဒီစာအုပ်ကိုဖတ်ဖြစ်အောင် ဖေးဆော်ပေးတဲ့
Jon Kabat-Zinn၊ စာအုပ်ရေးသူ Charlie Mackesy ၊
စာအုပ်ရှာပေးတဲ့ ကိုကောင်းမြတ်စံ (Hobby Business) ၊
စာအုပ်မျက်နှာဖုံးနဲ့ အတွင်းအပြင်အဆင်ကိုစိတ်တိုင်းကျ

ဖန်တီးပေးတဲ့ ဂရုဝ်ဖစ်ရှိုင်နာ ကိုဇာလင်းထက်၊
သမီးတစ်နှစ်ပြည့်တဲ့ ဩဂုတ်လမှာ အမှတ်တရဖြစ်အောင်
ထုတ်ပေးတဲ့ ထုတ်ဝေသူနဲ့ စာဖတ်သူကို
ကျေးဇူးအထူးတင်ကြောင်းပြောလိုပါတယ်။

ဖြိုးဇေ(မဟာဝိဇ္ဇာ)
၁.၇.၂၀၂၂(သောကြာနေ့)
ညနေ ၄နာရီ ၃၅မိနစ်
ရန်ကုန်မြို့

ရေးသူ
AUTHOR
စာအုပ်အမ
TITLE
ပညာရပ်
Class;



ဖြိုးဝေ(မဟာဝိဇ္ဇာ)

အရှေ့တိုင်းပညာဘာသာရပ်အထူးပြုဖြင့် မဟာဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီးနောက် မီဒီယာလောကသို့ ဝင်ရောက်ခဲ့သည်။ ၂၀၁၂ ခုနှစ်အထိ CEO မဂ္ဂဇင်းနှင့် TODAY မဂ္ဂဇင်း (English Version) တို့တွင် အမှုဆောင်အယ်ဒီတာအဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ်အထိ B2B မဂ္ဂဇင်းနှင့် Acumen မဂ္ဂဇင်း (English Version) တို့တွင် အမှုဆောင်အယ်ဒီတာ အဖြစ်လည်းကောင်း၊ ၂၀၁၉ တွင် ဧရာဝတီသတင်းဌာနတွင် Business Talk အစီအစဉ်ကိုလည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် သားငယ် စာပေတည်ထောင်ကာ သုတ၊ ရသစာပေများ ထုတ်ဝေလျက်ရှိသည်။ ထို့ပြင် LifeStyle မဂ္ဂဇင်း၊ CEO မဂ္ဂဇင်း၊ Faces မဂ္ဂဇင်းနှင့် ပေဖူးလွှာမဂ္ဂဇင်း တို့တွင် ဘာသာပြန်ဆောင်းပါးများ၊ ဘာသာပြန် ရသဝတ္ထုများ ရေးသားခဲ့သလို ကြေးမုံသတင်းစာ၊ The Voice သတင်းစာနှင့် စံတော်ချိန်သတင်းစာ တို့တွင် ဖြိုးဝေ (မဟာဝိဇ္ဇာ)၊ ထက်သူ (မဟာဝိဇ္ဇာ) အမည်များဖြင့် စိတ်ပညာ၊ နာဗ်ကြောသိပ္ပံ၊ နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာဆောင်းပါးများ ရေးသားခဲ့သည်။ လုံးချင်းစာအုပ်များအဖြစ် ၂၀၁၄ ခုနှစ်တွင် စာရေးသူဟိန်းဇော်နှင့် တွဲဖက်၍ `တက်မစုံသော လှေတစ်စီး နောက်ကြောင်းပြန်လှည့်နိုင်လား' စာအုပ်၊ ၂၀၁၆ ခုနှစ်တွင် `သစ်စေ့ခုနစ်စေ့ရဲ့ လျှို့ဝှက်ချက်' (ပဋ္ဌမအကြိမ်) စာအုပ်နှင့် `ပါမောက္ခဒေါက်တာအောင်ထွန်းသက်၏ ဘဝ၊ အိပ်မက်နှင့် မြန်မာ့စီးပွားရေးသုံးသပ်ချက် (ဒုတိယအကြိမ်) စာအုပ်၊ ၂၀၁၇ ခုနှစ်တွင် 'သင်မသိသေးတဲ့သင့်အကြောင်း'၊ လူတွေအကြောင်း' (ဆဋ္ဌမအကြိမ်) စာအုပ်၊ ၂၀၁၉ ခုနှစ်တွင် 'စိတ်၏သားကောင်များ'စာအုပ်၊ `ရွှေဒင်္ဂါးငါးပြားရဲ့ လျှို့ဝှက်ချက်' (ဒုတိယအကြိမ်) စာအုပ်၊ ၂၀၂၀ တွင် 'သင့်ဘဝအတွက် အသက်ရှူခြင်းပညာ' (ဒုတိယအကြိမ်) နှင့် ၂၀၂၁ တွင် 'သင်လျှောက်ရမယ့်လမ်း' စာအုပ်များ ရေးသားထုတ်ဝေထားသည်။

## ဖြိုးဝေ(မဟာဝိဇ္ဇာ)၏ ထွက်ရှိပြီးစာအုပ်များ

---

၁။ တက်မစုံသောလှေတစ်စီး နောက်ကြောင်းပြန်လှည့်နိုင်လား(၂၀၁၄)

၂။ သစ်စေ့ခုနှစ်စေ့ရဲ့လျှို့ဝှက်ချက်(၂၀၁၆) (ပဥ္စမအကြိမ်)

၃။ ပါမောက္ခဒေါက်တာအောင်ထွန်းသက်၏ ဘဝ၊ (ဒုတိယအကြိမ်)

အိပ်မက်နှင့် မြန်မာ့စီးပွားရေးသုံးသပ်ချက် (၂၀၁၆)

၄။ သင်မသိသေးတဲ့ သင့်အကြောင်း၊လူတွေအကြောင်း (၂၀၁၇) (ဆဋ္ဌမအကြိမ်)

၅။ စိတ်၏သားကောင်များ (၂၀၁၉)

၆။ ချွေဒင်္ဂါးငါးပြားရဲ့ လျှို့ဝှက်ချက် (၂၀၁၉) (ဒုတိယအကြိမ်)

၇။ သင့်ဘဝအတွက်အသက်ရှူခြင်းပညာ (၂၀၂၀) (ဒုတိယအကြိမ်)

၈။ သင်လျှောက်ရမယ့်လမ်း (၂၀၂၁) (ဒုတိယအကြိမ်)

ယခု

၉။ မိတ်ဆွေ ၄ ဦးနှင့် ဘဝသင်ခန်းစာများ

---

THAR NGE



ဒီစာအုပ်မှာ အသက်အရွယ်မရွေး လူတိုင်းနဲ့ဆိုင်တဲ့
ဘဝသင်ခန်းစာတွေကို စူးစမ်းဖော်ထုတ်မယ့် သရုပ်ဖော်ပုံပေါင်း
၁၀၀ ကျော်ပါတဲ့ ရုပ်ပြဝတ္ထုတစ်ခုကို ဖန်တီးထားပါတယ်။

ယခုလို မရေရာမသေချာတဲ့ အချိန်ကာလမျိုးအတွက်
ဒီစာအုပ်ထဲမှာ စေ့ဆော်မှုနဲ့မျှော်လင့်ချက်တွေ ပေးထားပါတယ်။
ဇာတ်လမ်းထဲမှာ စူးစမ်းတဲ့ကောင်လေး၊ လောဘကြီးတဲ့ပွေးကောင်၊
သတိရှိတဲ့မြေခွေးနဲ့ ဉာဏ်အမြော်အမြင်ရှိတဲ့မြင်းတို့ဟာ
ခက်ခဲတဲ့အခြေအနေတစ်ခုကြုံတွေ့နေရပြီး
သူတို့လေးဦးဆုံမိရာကနေ ကြီးမားတဲ့ဘေးအန္တရာယ်တွေကို အတူရင်ဆိုင်ရင်း
သူတို့ရဲ့အားနည်းချက်၊ ကြင်နာမှု၊ မျှော်လင့်ချက်၊ ခင်မင်ရင်းနှီးမှုနဲ့
ချစ်ခြင်းမေတ္တာတို့ကို ရှာဖွေတွေ့ရှိသွားပါတယ်။

စွန့်စားခန်းတွေနဲ့ မိတ်ဆွေလေးဦးကြားပြောကြတဲ့
အရေးပါတဲ့စကားပြောဆိုမှုတွေဟာ
စာဖတ်သူဘယ်လိုအသက်အရွယ်မျိုးနဲ့မဆိုဆိုင်တဲ့
ဘဝသင်ခန်းစာတွေ အပြည့်ပါဝင်နေပါတယ်။



Price 3500 Ks
ISBN 978-99971-46-06-9
9 789997 146069 >